သည် ထိုရဟန်း ငါးရာအတွက် တရားရရေး သင့်လျော်သော နေရာဖြစ်သည်ကို သိတော်မူသဖြင့် နေရာပြောင်း သီတင်းသုံးရန် မိန့်တော်မမူဘဲ နတ်များ ချစ်ခင်မေတ္တာသက်ဝင်စေသည့် ''မေတ္တသုတ်တော်'' ကို သင်ကြားပေးကာ ထိုတောအုပ်၌ပင် ပြန်လည် သီတင်းသုံးရန် စေလွှတ်လိုက်လေသည်။

ထိုမေတ္တသုတ်တော်ကို ဟောတော်မူသောနေ့သည် ဝါခေါင်လပြည့်နေ့ဖြစ်၍ ယနေ့တိုင် ဝါခေါင်လပြည့်နေ့ကို ''မေတ္တာအခါတော်နေ့''ဟု သတ်မှတ်ခေါ်ဝေါ်ကြပါသည်။

ရဟန်းတော်ငါးရာတို့လည်း ထိုတောအုပ်သို့ပင် ပြန်လာကြကာ တောအုပ်အဝင်မှစ၍ မေတ္တသုတ်တော်ကို ရွတ်ဆိုပွားများလာကြရာ သစ်ပင်စောင့်နတ် စသည့် နတ်များသည် ရဟန်းတော်များအပေါ်၌ မေတ္တာသက်ဝင် ချစ်ခင်ကြည်ညိုကြကာ ခရီးဦးကြို



ဆိုပြီး ဝေယျာဝစ္စများကိုလည်း ဆောင်ရွက်ကြတော့သည်။ ဤသို့ဖြင့် ရဟန်းတော်ငါးရာတို့သည် သစ်ပင်စောင့်နတ်စသော နတ်များ၏ ပြုစုလုပ်ကျွေးမှုဖြင့် ထိုတောအုပ်၌ပင် ဝါဆိုဝါကပ်၍ တရားအားထုတ်တော်မူကြကာ အာသဝေါကင်းကွာ ရဟန္တာများ ဖြစ်တော်မူကြလေသည်။

**မေတ္တသုတ်ပရိတ်တော်စီရင်ထားပုံ**

မေတ္တသုတ်ပရိတ်တော်တွင် ဘုရားရှင်သည် သူတော်ကောင်းဂုဏ်ရည်များဖြစ်သည့် ရိုးသားဖြောင့်မတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မာန်မာနမရှိခြင်းစသည့် ဂုဏ်များနှင့် ပြည့်စုံအောင် နေထိုင်ကြရန် တိုက်တွန်းတော်မူကာ မေတ္တာပွားနည်းများကိုလည်း ဂါထာပေါင်း (၁၀)ဂါထာတို့ဖြင့် မိန့်ကြားတော်မူခဲ့ပြီး မေတ္တသုတ်ပရိတ်တော် အစ-အဆုံးမှာ (၁၂)ဂါထာ ရှိပါသည်။



ဖြင့် ပရိတ်'အရံအတား'သည် မစောင့်ရှောက်''ဟု အစချီကာ ဥပမာနှင့်တကွ အကျယ်တဝင့် မိန့်ကြားတော်မူခဲ့ပါသည်။ (မိလိန္ဒပဉှပါဠိတော်မြန်မာပြန်၊ နှာ-၁၆၇)

သို့ဖြစ်၍ ပရိတ်တော်၊ ဂါထာမန္တန်တော်တို့၏ စောင့်ရှောက်မှုကို ခံယူရရှိလိုပါက အမိသတ်ခြင်း စသော ပဉ္စာနန္တရိယကံ ကျူးလွန်သူ မဖြစ်ရန်နှင့် မှားယွင်းသော အယူရှိသူ မဖြစ်ရန် လိုအပ်သကဲ့သို့ ပရိတ်တော်, ဂါထာမန္တန်တော်တို့၏ အစွမ်းကို ယုံကြည်ရန်လည်း လိုအပ်ပါသည်။ ထို့ပြင် တတ်စွမ်းသမျှ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်းစသည့် ကုသိုလ်များကို ပြုလုပ်၍ ပရိတ်တော်, ဂါထာမန္တန်တော်များကို ရွတ်ပွားပူဇော်ပါက ကုသိုလ်အကျိုးဖြင့် အစွမ်းသတ္တိ ပိုမိုရရှိနိုင်ပေရာ မေတ္တသုတ်တော်ကို ရွတ်ဖတ်ခြင်းဖြင့် အန္တရာယ်



ကင်းခြင်း၊ လူနတ်များ ချစ်ခင်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကြည်လင်ခြင်း၊ အတိတ်ဆိုး, နိမိတ်ဆိုး, အိပ်မက်ဆိုးများ မမြင်,မမက်ခြင်းစသော အကျိုးများ ရရှိနိုင်ပေသည်။

ထို့ကြောင့် ''မေတ္တသုတ်ပရိတ်တော်''ကို အစီအစဉ်ကျနစွာ ရွတ်ပွားပူဇော်လိုသူတို့ အလွယ်တကူ ရွတ်ပွားပူဇော်နိုင်ရန်နှင့် မေတ္တသုတ်ပရိတ်တော်၏ ဂုဏ်တော်, တန်ခိုးတော်တို့ကြောင့် ကောင်းကျိုး လိုအင်ဆန္ဒများ ပြည့်ဝနိုင်ပါစေရန် ရည်ရွယ်၍ ဤ **''မေတ္တသုတ် ပါဠိ-မြန်မာပြန်''**ကို ပုံနှိပ်ထုတ်ဝေအပ်ပါသည်။

**သာသနာရေးဦးစီးဌာန**

